## ၁၉၆၁ခုနှစ်၊ တပ်မတော်(ပြင်ဆင်ချက်)အက်ဥပဒေ ။

(၁၉၆၁ခုနှစ်၊ အက်ဥပဒေအမှတ် ၃၉။)

(၁၉၆၁ခုနှစ်၊ အောက်တိုဘာလ ၅ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၆၁ခုနှစ်၊ တပ်မတော်(ပြင်ဆင်ချက်)အက်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေပါ ပုဒ်မ ၁၅မှတစ်ပါး၊ အခြားပုဒ်မအားလုံးသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။ ပုဒ်မ ၁၅ သည်၊ ၁၉၆၀ပြည့်နှစ်၊ ဇူလိုင်လ ၁ရက်နေ့တွင် စတင်အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟု ရည်ညွှန်းသည့် ၁၉၅၉ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ ၄၇ရှိ ရှင်းလင်းချက်တွင် "သေရည်သေရက်နှင့်၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထုနှင့် အခြားပတ်ဝန်းကျင်ကြောင်းချင်းရာ တစ်ခုခုပေါင်းစပ်ခြင်း၏ အာနိသင်ကြောင့် ဖြစ်စေ"ဆိုသည့် စကား ရပ်အစား၊ "သေရည်သေရက်၏၊ သို့တည်းမဟုတ် ဆေးဘက်ဝင်ဝတ္ထု၏ အာနိသင်နှင့် အခြားပတ်ဝန်းကျင်ကြောင်းချင်းရာတစ်ခုခု ပေါင်းစပ်ခြင်းကြောင့် ဖြစ်စေ"ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၃။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၇၇တွင်၊ "စစ်တရားရုံးသည် အရာခံဗိုလ်အဆင့်အောက်နိမ့်သော ဤအက်ဥပဒေကို လိုက်နာရသူတစ်ဦးဦးအား" ဆိုသည့်စကားရပ်အစား၊ "စစ်တရားရုံးသည် မိန်းမတစ်ဦးမှတစ်ပါး၊ အရာခံဗိုလ်အဆင့်အောက်နိမ့်သော ဤအက်ဥပဒေကို လိုက်နာရသည့် အခြားသူတစ်ဦးဦးအား" ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၁တွင်၊ "ဤအက်ဥပဒေကို လိုက်နာရသူများက ကျူးလွန်သော ပြစ်မှုများနှင့် စပ်လျဉ်း၍" ဆိုသည့်စကားရပ်အစား "ဤအက်ဥပဒေကို လိုက်နာရသူများ ကျူးလွန်သော သတ်မှတ်ထားသည့် ပြစ်မှုများနှင့် စပ်လျဉ်း၍"ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၅။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၂တွင်-

(က) "ဤအက်ဥပဒေအရ ဖြစ်သောပြစ်မှုတစ်ခု"ဆိုသည့်စကားရပ်အစား "သတ်မှတ်ထား

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၆၁ခုနှစ်၊ အောက်တိုဘာလ(၁၄)ရက်၊ စာမျက်နှာ-၂၀၈၅။

သည့် ပြစ်မှုတစ်ခုခု"ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

(ခ) အပိုဒ်(ဃ)အစား၊ အောက်ပါကို၊ အပိုဒ်(ဃ)အဖြစ် ထည့်သွင်းရမည်။

"(ဃ)ရာထူးသဘောသက်ဝင်သည့် အဆင့်အတန်းကို ဖြုတ်ပစ်ခြင်း၊ နှစ်ဆယ့်ရှစ်ရက်အတွက်ထက်မပိုသော အရည်အချင်းလစာကို ဖြတ်တောက်ခြင်း၊ ထို့ပြင် အကြပ်များအတွက် ဖြစ်ပါက၊ ခေတ္တအဆင့်ကို ဖြုတ်ပစ်ခြင်း။"

၆။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၃၊ ပုဒ်မခွဲ(၄)အဆုံးတွင်၊ အောက်ပါကို ထည့်သွင်းသည်။

"အသက်တစ်ဆယ့်ခြောက်နှစ်အောက် ဖြစ်သောသူများဖြစ်ပါက၊ အဆိုပါပုဒ်မ၏ အပိုဒ်(က)နှင့် (ဃ)မှ (ဓ)အထိဖြစ်သော အပိုဒ်များတွင် သီးခြားဖော်ပြထားသော ပြစ်ဒဏ်များကို မချမှတ်ရ၊ ထို့ပြင် အဆိုပါပုဒ်မ၏ အပိုဒ်(ခ)နှင့် (ဂ)တွင် သီးခြားဖော်ပြထားသော ပြစ်ဒဏ်များကို၊ ကာကွယ်ရေးဦးစီးချုပ်က သီးခြားသတ်မှတ်ပေးထားသည့်အထိ၊ ကန့်သတ်ချမှတ်ရမည်။ အဆိုပါပုဒ်မ၏ အပိုဒ်(ဓ)တွင် သီးခြားဖော်ပြထားသော ပြစ်ဒဏ်ကို၊ မိန်းမများအပေါ်တွင် မချမှတ်ရ။"

၇။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၅တွင်၊ "ဤအက်ဥပဒေအရ၊ ဖြစ်သော ပြစ်မှုတစ်ခု"ဆိုသည့် စကားရပ်အစား၊ "သတ်မှတ်ထားသည့် ပြစ်မှုတစ်ခုခု"ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၈။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၆တွင်၊ "ဤအက်ဥပဒေအရ၊ ဖြစ်သော ပြစ်မှုတစ်ခု"ဆိုသည့် စကားရပ်အစား၊ "သတ်မှတ်ထားသည့် ပြစ်မှုတစ်ခုခု"ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၉။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၇တွင်၊ "ဤအက်ဥပဒေအရ ဖြစ်သော ပြစ်မှုတစ်ခု"ဆိုသည့် စကားရပ်အစား၊ "သတ်မှတ်ထားသည့် ပြစ်မှုတစ်ခုခု"ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၀။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၈၉တွင်၊ "ပုဒ်မ ၈၅၊ ၈၆နှင့် ၈၇တို့အနက်"ဆိုသည့် စကားရပ်အစား၊ "ပုဒ်မ ၈၂၊ ၈၅၊ ၈၆နှင့် ၈၇တို့အနက်"ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၁။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၉၀တွင်၊ အပိုဒ်(က)အစား၊ အောက်ပါကို အပိုဒ်(က)အဖြစ် ထည့်သွင်းရမည်။

"(က) တပ်မှူးတစ်ဦးက ချမှတ်သော ပြစ်ဒဏ်များအတွက် ဖြစ်ပါက၊ ထိုတပ်မှူး၏ အထက်အရာရှိတစ်ဦးဦး၊ သို့တည်းမဟုတ် ကာကွယ်ရေးဦးစီးချုပ်က သီးခြားဖော်ပြသည့် အခြားအရာရှိကို ဆိုလိုသည်။"

၁၂။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၉၂(င)တွင်၊ "စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၈၇အရ" ဆိုသည့်စကားရပ်အစား၊ "စစ်တရားရုံးက၊ သို့တည်းမဟုတ် ပုဒ်မ ၈၅အရဖြစ်စေ၊ ပုဒ်မ ၈၆အရ ဖြစ်စေ"ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။

၁၃။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၁၀၅တွင်၊ "စစ်တရားရုံးအဖွဲ့ဝင်များ ရုံးထိုင်ရန် စုဝေးရောက်ရှိသည့်အထိ၊ သို့တည်းမဟုတ် ထိုသူကို အချုပ်မှ လွှတ်သည့်အထိ၊ အလားတူအစီရင်ခံချက်တစ်ခုကိုလည်း ရှစ်ရက်တစ်ကြိမ်ပေးပို့ရမည်။" ဆိုသည့်စကားရပ်အစား၊ "စစ်တရားရုံးအဖွဲ့ဝင်များ ရုံးထိုင်ရန် စုဝေးရောက်ရှိသည်အထိ၊ သို့တည်းမဟုတ် ထိုပြစ်မှုကို၊ ပုဒ်မ ၈၂၊ ၈၅၊ ၈၆နှင့် ၈၇တို့အနက် ပုဒ်မတစ်ခုခုအရ အရေးယူပြီးသည့်အထိ၊ သို့တည်းမဟုတ် ထိုသူကို အချုပ်မှ လွှတ်သည့်အထိ၊ အလားတူအစီရင်ခံချက်တစ်ခုကိုလည်း ရှစ်ရက်တစ်ကြိမ် ပေးပို့ရမည်။"ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၁၄။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၂၁၆၊ ပုဒ်မခွဲ(၃)၊ အပိုဒ်(ခ)အောက်ရှိ၊ "စစ်ဘက်အယူခံတရားရုံးသည်"ဆိုသည့် စကားရပ်ဖြင့် အစပြု၍ "အစားထိုးချမှတ်နိုင်သည်။"ဆိုသည့် စကားရပ်ဖြင့် အဆုံးသတ်သည့် စာပိုဒ်အစား၊ အောက်ပါစာပိုဒ်ကို ထည့်သွင်းရမည်။

> "စစ်ဘက်အယူခံတရားရုံးသည်၊ အယူခံခြင်းကို ခွင့်ပြုမည့်အစား၊ သို့တည်းမဟုတ် ပယ်မည့်အစား၊ စစ်တရားရုံး၏ ဆုံးဖြတ်ချက်ကို ပေါ်သော ပြစ်ဒဏ်နှင့် အကျုံးဝင်သည့် အခြေအနေများတွင် ထိုပြစ်မှုကို ကျူးလွန်ဘိသကဲ့သို့၊ ထိုပြစ်မှုအတွက် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်၊ သို့တည်းမဟုတ် ခြွင်းချက်များကိုဖြစ်စေ၊ ပြောင်းလဲချက်များကို ဖြစ်စေ၊ ပြုလုပ်၍၊ ထိုပြစ်မှုအတွက် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်၊ သက်ဆိုင်ရာရာနှင့် အစားထိုးနိုင်သည့်ပြင်၊ အစားထိုးထားသည့် ဆုံးဖြတ်ချက်နှင့်အညီဖြစ်သော ပြစ်မှုအတွက်၊ ဤအက်ဥပဒေက ခွင့်ပြုသည်လည်းဖြစ်၍၊ ပို၍ မကြီးလေးသည်လည်းဖြစ်သော၊ စစ်ဘက်အယူခံတရားရုံးက သင့်တော်လျော်ကန်သည်ဟုလည်း ယူဆသည့် ပြစ်ဒဏ်တစ်ရပ်ကို ပြင်ဆင်ချမှတ်နိုင်သည်။"

၁၅။ ။အဆိုပါ အက်ဥပဒေရှိ ပုဒ်မ ၂၃၇ကို၊ ပုဒ်မခွဲ(၁)အဖြစ် ပြန်လည်အမှတ်စဉ်၍၊ ထိုသို့ပြန်လည်အမှတ်စဉ်ထားသည့် ပုဒ်မခွဲ(၁)နောက်တွင် အောက်ပါကို၊ ပုဒ်မခွဲ(၂)အဖြစ် ထည့်သွင်းရမည်။

> "(၂) ပုဒ်မခွဲ(၁)တွင် မည်သို့ပင်ပါရှိစေကာမူ၊ မြန်မာနိုင်ငံကြည်းတပ် အက်ဥပဒေ (The Myanmar Army Act)၊ ၁၉၄၇ခုနှစ်၊ မြန်မာနိုင်ငံ ရေတပ်စည်းကမ်းအက်ဥပဒေ (The Myanmar Naval Discipline Act, 1947)နှင့် ၁၉၄၇ခုနှစ်၊ မြန်မာနိုင်ငံ

လေတပ် (စည်းကမ်း) အက်ဥပဒေ (The Myanmar Air Force (Discipline) Act, 1947 များသည်၊ ဤအက်ဥပဒေကို လိုက်နာရသူများ၊ ဤအက်ဥပဒေ စတင်အာဏာ မတည်မီက၊ ကျူးလွန်သည့် အဆိုပါ အက်ဥပဒေများအရဖြစ်သော ပြစ်မှုများနှင့်လည်း ကောင်း၊ အဆိုပါပြစ်မှုများ ကျူးလွန်ခြင်းနှင့် စပ်လျဉ်းသည့်၊ သို့တည်းမဟုတ် အဆိုပါ ပြစ်မှုများ ကျူးလွန်ခြင်းမှ ပေါ်ပေါက်လာသည့် ကိစ္စအားလုံးနှင့်လည်းကောင်း၊ အဆိုပါ အက်ဥပဒေများကို မရုပ်သိမ်းဘဲသကဲ့သို့၊ ဆက်လက် သက်ဆိုင်စေရမည်။

သို့ရာတွင် ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်များ၊ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်များ၊ ပြစ်ဒဏ် ဆိုင်းငံ့ထားခြင်းများအပြင်၊ အယူခံခြင်းများနှင့် သက်ဆိုင်သည့်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ သည်၊ ထိုသူတို့နှင့် သက်ဆိုင်စေရမည်။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၁ ရက်

(၁၉၆၁ ခုနှစ်၊ အောက်တိုဘာလ ၅ရက်)

အမိန့်အရ၊
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။